# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၆/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဇွန်လ(၆) ရက်

| ၆ – ၆ – ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၃.၅ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၈.၂ |
| စတာလင်ပေါင် | ၂,၆၈၃.၃ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၄.၂ |
| တရုတ်ယွမ် | ၂၈၉.၈၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၂ |
| အိန္ဒိယရူပီး | ၂၅.၁၅၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၃.၆၀ |
| မလေးရှား ရင်းဂစ် | ၄၄၇.၀၅ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၀၀ |
| ထိုင်းဘတ် | ၅၇.၄၈၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅၈၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှု ပြီးခဲ့သည့် လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

➢ အိန္ဒိယ ဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်သည့် အနိမ့်ဆုံးပို့ကုန်ဈေး နှုန်းအောက်ကျဆင်းကာ ဝယ်သူမရှိသလောက် နည်းပါးလျက်ရှိ

➢ အိန္ဒိယ၏ အစိုးရသစ်၏ ဖြစ်နိုင်ဖွယ်ရှိသောကုန်သွယ်မှုမူဝါဒဆိုင်ရာ အပြောင်းအလဲများသည် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများအပေါ် သက်ရောက်မှုများ ရှိလာနိုင်သဖြင့် ဇွန်လ ၄ ရက်နေ့ ရွေးကောက်ပွဲရလဒ်များကို စောင့်မျှော်လျက်ရှိ

➢ အိန္ဒိယတွင် မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှုသည် အိမ်အသုံးစရိတ်များကို သက်ရောက်မှုရှိ

➢ အိန္ဒိယ၏ သကြားတင်ပို့မှုခွင့်ပြုချက်သည် ၂၀၂၄-၂၅ ခုနှစ် မိုးရာသီကြံစိုက်ပျိုး မှုအပေါ် မူတည်မည်

➢ အင်ဒိုနီးရှားနိုင်ငံ၊ အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုဘုတ်အဖွဲ့က စားအုန်းဆီမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ကြက်အစာအဖြစ် အသုံးပြုနိုင်ရန် စီစဉ်

➢ ရုရှားနှင့် တရုတ်တို့သည် ဆန်စပါးစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိ

➢ ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံဆိုင်ရာ အကြံပေးကော်မတီဖွဲ့စည်းခဲ့ခြင်းအား တင်ပြခြင်း

- **အထွေထွေသတင်းများ**

- ➢ တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးတင်းမာမှုကို ဆွေးနွေးပွဲများမှတစ်ဆင့် ဖြေရှင်းရန် စိတ်အားထက်သန်နေ
- ➢ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) သည် ၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ GDP တိုးတက်မှု ခန့်မှန်းချက်ကို (၅)ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့
- ➢ RCEP သည် ပိုမိုတက်ကြွပြီး သေချာမှုရှိလာ
- ➢ ရုရှားနှင့် ဘင်္ဂလားဒေ့ရှ်ကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှု ပြီးခဲ့သည့် လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှုသည် ပြီးခဲ့သည့်လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိပြီး၊ ၅၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ အကြောင်းမှာ ပြည်တွင်း ပြောင်းဈေးနှုန်းများမြင့်တက်လာခြင်း၊ ပြောင်းစိုက်ပျိုးမှုကျဆင်းမှုတို့နှင့်အတူ အီသနောထုတ်လုပ်မှု၊ ကြက်မွေးမြူရေးနှင့် ကော်မှုန့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာမှုတို့ကြောင့်ဖြစ်ကြောင်း The Hindu businessline သတင်းဌာန ယခုလ ၃၀ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယပြောင်း၏ အဓိကဝယ်လက်များဖြစ်သော ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့က အခြားဈေးသက်သာသည့် နိုင်ငံများမှ ပြောင်းကို ပိုမိုဝယ်ယူလာကြသည့်အတွက် ပြောင်းတင်ပို့မှု ကျဆင်းလာခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ပြောင်းတန်ချိန် ၃၄ ဒသမ ၅၃ သိန်း တင်ပို့ရောင်းချခဲ့ရပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ ဒသမ ၄၂ သိန်းသာ တင်ပို့ရောင်းချခဲ့ရကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

တန်ဖိုးအားဖြင့် ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၁၁၁၆ သန်း (ရူပီး ၈၉၈၇၀ သန်း) တင်ပို့ရောင်းချခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၄၄၃ သန်း (ရူပီး ၃၆၆၀၀ သန်း) သာ တင်ပို့ရောင်းချခဲ့သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် အကြီးဆုံးဝယ်လက်ဖြစ်ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယပြောင်း တန်ချိန် ၆ ဒသမ ၈၈ သိန်း ဝယ်ယူခဲ့ကြောင်း၊ သို့သော် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၈ ဒသမ ၉၁ သိန်း ဝယ်ယူခဲ့သည့်အတွက် ၂၃ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသည် အိန္ဒိယပြောင်းကို ဝယ်ယူသည့် ဒုတိယအကြီးဆုံးဝယ်လက်ဖြစ်ကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၇၈ သိန်းဝယ်ယူခဲ့သည်။ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၃ ဒသမ ၉၁ သိန်း ဝယ်ယူခဲ့သည့်အတွက် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက အိန္ဒိယပြောင်းကို အများဆုံးဝယ်ယူခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ဈေးနှင့်နှိုင်းယှဉ်လျှင် အိန္ဒိယပြောင်းဈေးမှာ မြင့်မားလျက်ရှိသည့်အတွက် ဝယ်ယူမှု သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတင်ပို့မှု တန်ချိန် ၂ ဒသမ ၀၈ သိန်းသာရှိခဲ့ပြီး၊ လွန်ခဲ့သောနှစ်က တန်ချိန် ၁၇ ဒသမ ၀၉ သိန်းတင်ပို့ခဲ့သည့်အတွက် ၈၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယပြောင်းသည် ပြည်တွင်းဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမရှိတော့သည့်အတွက် ယခုကဲ့သို့ ပြည်ပတင်ပို့မှု ကျဆင်းလာခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးအရင်းအမြစ်များက ပြောကြားခဲ့သည်။ ထို့အပြင် ကြက်မွေးမြူရေး၊ ကော်မှုန့်နှင့် အီသနော ရောစပ်သည့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာသည့်အတွက် ပြည်တွင်း ပြောင်းဈေးနှုန်းများကို မြင့်တက်လာစေကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှု ဒုတိယအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၃၈၀ ဒသမ ၈၅ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် နွေပြောင်းတန်ချိန် ၂၇ ဒသမ ၂၀ သိန်း အပါအဝင် တန်ချိန် ၃၂၄ ဒသမ ၇၀ သိန်းသို့ လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ ခါရစ် (မိုး) ရာသီ ပြောင်းအထွက်နှုန်းမှာ တန်ချိန် ၂၂၇ သိန်းရှိပြီး၊ ယခင် နှစ်ကာလတူက ၂၃၆ ဒသမ ၇၄ သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကာ၊ ရာဘီ (ဆောင်း) ရာသီ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၁၁၆ ဒသမ ၉ သိန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် ၉၇ ဒသမ ၅၀ သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ပြောင်းအဓိကစိုက်ပျိုးသည့် ပြည်နယ်များဖြစ်ကြသော Karnataka နှင့် Bihar ပြည်နယ်တို့အပါအဝင် အခြားပြည်နယ်အများအပြား၌ အယ်နီညိုကြောင့် ခြောက်သွေ့ သောရာသီဥတုအခြေအနေနှင့် မိုးရေပုံမှန်မရရှိသည့်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှုအပေါ် များစွာ ရိုက်ခတ်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပြောင်းစိုက်ပျိုးထွက်ရှိမှုကျဆင်းကာ ပြည်ပသို့တင်ပို့ရောင်းချမှုလည်း ကျဆင်းလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်း၌ တိရိစ္ဆာန်အစာ၊ အီသနောရောစပ်ခြင်းနှင့် စားသောက်ကုန်လုပ်ငန်းများမှ ဝယ်လိုတိုးမြင့်လာမှုကြောင့် ပြည်တွင်းပြောင်းဈေးနှုန်းများမြင့်တက်လာလျက်ရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပြောင်းတင်ပို့ရောင်းချနိုင် မည့် အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: thehindubusinessline.com

…………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယ ဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်သည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအောက်ကျဆင်းကာ ဝယ်သူမရှိသလောက်နည်းပါးလျက်ရှိ

အိန္ဒိယ ဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်သည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းဖြစ်သော ၁ တန်လျှင် ကန်ဒေါ်လာ ၉၅၀ အောက်သို့ ကျဆင်းလျက်ရှိပြီး၊ လက်ရှိတွင် ၁ တန်လျှင် ကန်ဒေါ်လာ ၈၀၀ မှ ၈၅၀ ရှိသော်လည်း ဝယ်သူမရှိသလောက်နည်းပါးလျက်ရှိကြောင်း Economic Times သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

ဘာစမာတီဆန်၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာလည်း ၁ ကီလိုဂရမ်လျှင် ရူပီး ၇၅ မှ ၆၅ သို့ ကျဆင်းလျက်ရှိကြောင်း သိရသည်။ ဆန်တင်သွင်းသောနိုင်ငံများအနေဖြင့် အိန္ဒိယအစိုးရ၏ အပြောင်းအလဲမြန်သော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်ကြောင့် စိုးရိမ်မကင်းဖြစ်ကာ ဘာစမာတီဆန်များကို ပမာဏအမြောက်အများဝယ်ယူခဲ့ကြကြောင်း အိန္ဒိယဆန်ကုန်သည်ကြီးနှစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယအစိုးရသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဘာစမာတီဆန်၏ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို ၁ တန်လျှင် ကန်ဒေါ်လာ ၁၂၀၀ တိုးမြှင့်သတ်မှတ်ထားရာမှ တစ်ဖန် အောက်တိုဘာလတွင် ကန်ဒေါ်လာ ၉၅၀ သို့ လျှော့ချသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပန်ဂျပ်ပြည်နယ် ဆန်တင်ပို့ရောင်းချသူများအသင်း (Punjab Rice Exporters Association) က အစိုးရ၏ လက်ရှိအနိမ့်ဆုံးပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်ကြောင့် ဆန်တင်ပို့သူများ နစ်နာမှုမရှိစေရန် အဆိုပါဈေးနှုန်း ကျဆင်းသည့်ကိစ္စကို အရေးယူဆောင်ရွက်ပေးဖို့ စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (Agriculture and Processed Food Product Development Authority –APEDA) ထံ စာရေးသားပေးပို့ခဲ့ကြောင်း သိရသည်။ APEDA သည် ဘာစမာတီဆန် အရောင်းအဝယ်စာချုပ်များကို မှတ်ပုံတင်ထုတ်ပေးရသော အဓိကအစိုးရဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်ပမှဆန်ဝယ်သူများသည် အိန္ဒိယအစိုးရ၏ ခန့်မှန်းရန်ခက်ခဲသော ဆန်မူဝါဒကြောင့် ဘာစမာတီဆန်များကို အလုံးအရင်းဖြင့် ဝယ်ယူခဲ့ကြသလို၊ ပါကစ္စတန်နိုင်ငံမှ ဘာစမာတီဆန်များကိုလည်းဝယ်ယူကာ ၎င်းတို့၏ ဆန်လက်ကျန်ကို ဖြည့်တင်းထားခဲ့ကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဟောင်းလည်းဖြစ်ကာ ဘာစမာတီဆန်အဓိက တင်ပို့သူတစ်ဦးလည်းဖြစ်သော Vijay Setia က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန်ကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်စားသုံးမှုမရှိပဲ ပြည်ပသို့သာ အဓိကထား၍ တင်ပို့ရောင်းချလျက်ရှိသည်။ ဘာစမာတီဆန် တန်ချိန် ၆ ဒသမ ၅ သန်းခန့်အား နှစ်စဉ်ထုတ်လုပ်ပြီး၊ တန်ချိန် ၅ သန်းခန့်ကို ပြည်ပသို့တင်ပို့ကာ သုညဒသမ ၅ သန်းခန့်ကို

Agribusiness & Trade

ပြည်တွင်း၌ စားသုံးပြီး၊ ဆန်လက်ကျန်များကို နောင်နှစ်အတွက် ဖယ်ချန်ထားလေ့ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ခါရစ် (မိုး) ရာသီတွင် ဘာစမာတီဆန် တန်ချိန် ၈ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ယခင်နှစ်ရာသီကထက် ၂၃ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းအနက် ပြည်ပသို့ တန်ချိန် ၅ ဒသမ ၂၅ သန်း ခန့်တင်ပို့ခဲ့ပြီးဖြစ်ကာ ပြည်တွင်းတွင် တန်ချိန် ၁ ဒသမ ၂၅ သန်းခန့် စားသုံးသည့်အတွက် ယခုနှစ်အတွက် ဆန်လက်ကျန်များ ရှိနေဦးမည်ဖြစ်ကြောင်း Setia က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ခါရစ်ရာသီတွင် မုတ်သုန်မိုးအခြေအနေ ပုံမှန်ရှိသည့်အတွက် ဘာစမာတီဆန် ထုတ်လုပ်မှု ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း၊ လယ်သမားများက ဆန်မျိုးစေ့မျိုးကောင်းများကို အရေအတွက် အများအပြားဝယ်ယူထားကြပြီးဖြစ်ကြောင်း၊ အကယ်၍ အစိုးရမှ အနိမ့်ဆုံးပို့ကုန်ဈေး သတ်မှတ်ချက်အား မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမရှိပါက ဘာစမာတီဆန် တင်ပို့ရောင်းချမှုကို ထိခိုက်စေကာ အဓိကပြိုင်ဖက် ပါကစ္စတန်နိုင်ငံက ဆန်ဈေးကွက်တွင် နှာတစ်ဖျားသာသွားနိုင်ကြောင်း၊ ပြည်တွင်းဆန်ဈေးနှုန်းမှာလည်း ၁၀-၂၅ ရာခိုင်နှုန်းအထိ ကျဆင်းနေပြီး၊ ဆက်လက်၍ ကျဆင်းဖွယ်ရှိကြောင်း Haryana ပြည်နယ်အခြေစိုက် LRNK ဆန် ပို့ကုန်လုပ်ငန်းမှ စီမံခန့်ခွဲသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် နှစ်စဉ်မိုးရေချိန်၏ ၇၅ ရာခိုင်နှုန်းခန့်ကို လေးလတာကြာမြင့်သော မုတ်သုန်ရာသီကာလအတွင်း အဓိကရရှိလေ့ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်ဈေးနှုန်းအောက်ကျဆင်းလျက်ရှိကာ ပြည်တွင်းဘာစမာတီဆန်ဈေးနှုန်းမှာလည်း ၁၀-၁၅ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည့်အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Economic Times of India, Basmati rice export prices plummet below government MEP, global buyers stay away,.

…………………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယ၏ အစိုးရသစ်၏ ဖြစ်နိုင်ဖွယ်ရှိသောကုန်သွယ်မှုမူဝါဒဆိုင်ရာ အပြောင်းအလဲများသည် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများအပေါ် သက်ရောက်မှုများ ရှိလာနိုင်သဖြင့် ဇွန်လ ၄ ရက်နေ့ ရွေးကောက်ပွဲရလဒ်များကို စောင့်မျှော်လျက်ရှိ

ယခုလတွင် စတင်တာဝန်ယူဆောင်ရွက်မည့် အိန္ဒိယအစိုးရသစ်၏ အလားအလာရှိသော ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများသည် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဈေးနှုန်းအပေါ် သိသာထင်ရှားသော သက်ရောက်မှုများရှိလာနိုင်သည့်အတွက် လယ်ယာစိုက်ပျိုးရေးဈေးကွက်များက စောင့်ကြည့်လျှက်ရှိကြောင်း သိရသည်။

ပဉ္စမအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် သကြားကဲ့သို့သော အဓိကသီးနှံများနှင့် ဆန်စပါးအမျိုးအစားများကို ကမ္ဘာ့ဈေးကွက်သို့တင်ပို့မှုအား တစ်နှစ်ကျော်ကြာ ကန့်သတ်ထိန်းချုပ်ထားသည်။ ဝန်ကြီးချုပ်နာရင်ဒြာမိုဒီက နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများမတိုင်မီ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေးနှင့် စားသောက်ကုန်ဈေးနှုန်းများကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် ကြီးမားသောမဲပေးသူအစုအဖွဲ့ဖြစ်သည့် လယ်သမားများအကြိုက် ဂျုံတင်သွင်းမှုအပေါ် အခွန်ဖြတ်တောက်ခြင်းကိုလည်း ရှောင်ကြဉ်ခဲ့သည်။

ထို့အတူ ပြည်နယ်များရှိအသင်းအဖွဲ့များမှ နှံစားသီးနှံများ ဈေးကစားရန်ရည်ရွယ်သိုလှောင်ထားခြင်းအား နှိမ်နင်းတားဆီးခြင်းနှင့် နိုင်ငံတော်အရန် နှံစားသီးနှံများအား ရောင်းချပေးခြင်းတို့ဖြင့် အချို့သော လယ်ယာသုံးကုန်စည်များ၏ ဈေးနှုန်းများသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ရာမှ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ ဇွန်လ ၄ ရက် ရွေးကောက်ပွဲရလဒ် ကြေညာပြီးနောက်ပိုင်းတွင်မူ ကန့်သတ်ချက်များ အပြောင်းအလဲဖြစ်နိုင်ခြေ မြင့်တက်လျှက်ရှိကြောင်း သိရသည်။

ပြည်ပသို့ရောင်းချမှုများ ဖြေလျှော့ပေးခြင်းဖြင့် ၁၅ နှစ်အတွင်း အမြင့်ဆုံးဈေးအနီးတွင် အရောင်းအဝယ်ဖြစ်နေသော အာရှဆန်ဈေးစံနှုန်းကို ကျဆင်းစေနိုင်သကဲ့သို့ သကြားဈေးနှုန်းကိုလည်း ကျဆင်းစေနိုင်ကြောင်း၊ သို့သော်အစိုးရကဒေသတွင်းထောက်ပံ့မှုတိုးမြှင့်ရန်အတွက် ဂျုံအပေါ် သွင်းကုန်ခွန်များ လျှော့ချပေးရန်တောင်းဆိုချက်ကိုလက်ခံပါက ချီကာဂို ဂျုံဈေးကွက်တွင် ဈေးနှုန်းများမှာ ပြန်လည်မြင့်တက်လာနိုင်ကြောင်း သိရှိရသည်။

**ဆန်**

အိန္ဒိယအစိုးရသည် ဆန်ကွဲနှင့် ဆန်ဖြူတင်ပို့မှုကို တားမြစ်ထားသည့်အပြင် ပေါင်းဆန်အမျိုးအစားများပေါ်တွင်လည်း အခွန် ၂၀ % ကောက်ခံလျှက်ရှိသဖြင့် ယင်းဆောင်ရွက်ချက်သည် ကမ္ဘာ့စားနပ်ရိက္ခာများကို အခက်ကြုံစေခဲ့ကြောင်း၊ ယင်းသည် ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်လာစေသကဲ့သို့ အိန္ဒိယဆန်ကို မှီခိုနေရသည့် အနောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ နိုင်ငံ

Agribusiness & Trade

အချို့အတွက် ကြီးမားသောထိုးနှက်ချက်တစ်ခုဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယဆန်စက်လုပ်ငန်းများက ဆန်ကွဲနဲ့ဆန်ဖြူတင်ပို့ခွင့်ပြုရန် အစိုးရသစ်ကိုတောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ဆန်တင်ပို့မှုအပေါ်အခွန်စည်းကြပ်မှုသည်ကောင်းမွန်သော်လည်း ကန့်သတ်ချက်များကိုရုတ်သိမ်းသင့်ကြောင်း၊ နိုင်ငံအတွင်း၌ ဆန်သိုလှောင်ထားရှိမှုမှာ ပိုလျှံမှုရှိနေကြောင်း၊ ၂၀၂၄-၂၄ မိုးရာသီတွင် ပုံမှန်ထက်မိုးရွာသွန်းမှုပိုမိုပြီး ဆန်ထွက်ရှိမှုကောင်းမွန်မည့်အလားအလာရှိသည်ဟု ခန့်မှန်းထားကြကြောင်း ဆန်တင်ပို့သူများ အသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားထားသည်။

## ဂျုံ

အိန္ဒိယသည် ၂၀၁၇-၂၀၁၈ ခုနှစ်ကတည်းက ဂျုံအား ပြည်ပမှဝယ်ယူတင်သွင်းမှု များပြားစွာမရှိခဲ့ကြောင်း၊ ယခုအခါ အမျိုးမျိုးသောလူမှုဖူလုံရေးအစီအစဉ်များအတွက် ပြည်နယ်အဖွဲ့အစည်းများ၏ ကြီးမားသောဝယ်ယူမှုများကြောင့် ပြည်တွင်းရောင်းလိုအားမှာ ကျပ်တည်းလာကြောင်း၊ ဂျုံနှင့် ဂျုံမှုန့်များ၏ လက်လီဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ထက် ၅ ရာခိုင်နှုန်းခန့်တက်လာခဲ့ကြောင်း၊ ချီကာဂိုရှိဂျုံဈေးနှုန်းမှာလည်း ယခုနှစ်တွင် ၉ ရာခိုင်နှုန်းကျော် ခုန်တက်ထားကြောင်း၊ သို့ဖြစ်၍ ပြည်ပမှဂျုံတင်သွင်းမှုအလားအလာကောင်းမွန်စေရန်အတွက် လက်ရှိကောက်ခံလျှက်ရှိသော အခွန် ၄၀ % ကိုလျှော့ချရန် လုပ်ငန်းရှင်များက အစိုးရကို စည်းရုံးလျှက် ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် ဂျုံ ရရှိနိုင်မှုနှင့် အရန်သိုလှောင်ထားရှိမှု တိုးတက်ကောင်းမွန်စေရန်အတွက် ယခုနှစ်တွင် ပြည်ပဈေးကွက်များမှ တန်ချိန် ၂ သန်း မှ ၃ သန်းထိ တင်သွင်းရန်လိုအပ်လျက်ရှိကြောင်း Roller Flour Millers' Federation of India မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဖြစ်သူ Navneet Chitlangia က ပြောကြားထားသည်။

အမေရိကန်စိုက်ပျိုးရေးဌာန၏နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာနကလည်း အိန္ဒိယ၏ ဂျုံတင်သွင်းမှုသည် ပြည်တွင်းသုံးစွဲမှုပုံမှန်ရှိသဖြင့် ဧပြီလ ၁ ရက်နေ့မှ စတင်သည့် ရာသီချိန်တွင် တန်ချိန် ၂ သန်း ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

ရာသီသစ်အတွက် ဂျုံစိုက်ပျိုးမှုများမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မတ်လမှသာ ရိတ်သိမ်းမှုစတင်နိုင်မည်ဖြစ်သဖြင့် ဂျုံကြိတ်စက်များနှင့် ပေါင်မုန့်ထုတ်လုပ်သူများ၏ ဈေးကွက်အတွင်းဂျုံရရှိနိုင်မှုလျော့နည်းလာခြင်းအပေါ် စိုးရိမ်မှုများသည် လနှင့်ချီ၍ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း သိရှိရသည်။

Agribusiness & Trade

**သကြား-**

ကမ္ဘာ့ဒုတိယအကြီးဆုံးသကြားထုတ်လုပ်သူဖြစ်သည့် အိန္ဒိယသည် ၂၀၂၂-၂၀၂၃ ရာသီတွင် သကြားတင်ပို့မှုကန့်သတ်ခြင်းစနစ်သစ်ကို မိတ်ဆက်ခဲ့ပြီး ယင်းကန့်သတ်ချက်ကို ပြီးခဲ့သည့် အောက်တိုဘာလနောက်ပိုင်းတွင် ဆက်လက်၍သက်တမ်းတိုးမြှင့်ထားသည်။ အိန္ဒိယသည် ယခင်ကန့်သတ်ခြင်းမရှိသည့်ကာလတွင် သကြားတန်ချိန် ၁၁ သန်းခန့် တင်ပို့ခဲ့သော်လည်း ကန့်သတ်မှုများဆောင်ရွက်ပြီးနောက် တန်ချိန် ၆ သန်းခန့်သာ တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ ယခုနှစ်အတွက် တင်ပို့ခွင့်ပြုမည့် သကြားကိုတာပမာဏကိုမူ ကြေညာထားခြင်း မရှိသေးကြောင်း တွေ့ရှိရသည်။

နိုင်ငံ၏ ပြည်တွင်းစားသုံးမှုအတွက် သကြားအရန်သိုလှောင်ထားရှိမှုအလုံအလောက်ရှိပြီး ယခုရာသီတွင် တင်ပို့မှုတန်ချိန် ၂ သန်းရှိကြောင်း၊ အစိုးရက မိမိတို့ တောင်းဆိုထားသည့်အတိုင်း တင်ပို့ခွင့်ပြုရန် မျှော်လင့်ထားကြောင်း၊ ယခုနှစ်မုတ်သုံရာသီအကြိုမိုးရွာသွန်းမှုနှင့် ပုံမှန်ထက်ပိုမိုမည့်မိုးရွာသွန်းမှုခန့်မှန်းချက်သည် ပြည်တွင်းစားသုံးမှုအတွက် သကြားရောင်းလိုအားကိုသက်တောင့်သက်သာဖြစ်စေရုံသာမက အီသနောရောစပ်သည့်အစီအစဉ်ကိုလည်း တည်တံ့စေမည်ဖြစ်ကြောင်း အိန္ဒိယသကြားနှင့် ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း ညွှန်ကြားရေးမှူးချုပ် Deepak Ballani က ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယ ဆန်၊ သကြား၊ ဂျုံ လုပ်ငန်းရှင်များက အစိုးရသစ်လက်ထက်တွင် ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများအတွက် မျှော်လင့်နေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် ယင်းမူဝါဒများသည် မိမိနိုင်ငံ၏ ကုန်စည်တင်ပို့မှုများအပေါ်တွင်လည်း သက်ရောက်မှုများရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Will BJP Win? This market awaits June 4 results for potential shakeups in India's trade policies & global food prices, The Economic Times,

.....................................................................................................

**အိန္ဒိယတွင် မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်စျေးနှုန်းများ**
**ကြီးမြင့်မှုသည် အိမ်အသုံးစရိတ်များကို သက်ရောက်မှုရှိ**

၂၀၂၃ ခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးမှုကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း စိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိမှုကျဆင်းခဲ့သဖြင့် မီးဖိုချောင်သုံး ပဲမျိုးစုံ၊ ဂျုံနှင့် သကြားကဲ့သို့သော အဓိကစားသောက်ကုန်များ၏ စျေးနှုန်းများမှာ မေလတွင် ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာ

Agribusiness & Trade

ဈေးကွက်တွင်လည်း ကုလားပဲမတ်ပဲနှင့်ပဲစင်းငုံများရရှိနိုင်မှု ကန့်သတ်ချက်များကြောင့် တင်သွင်းမှုများနှောင့်နှေးပြီး ဈေးနှုန်းများကြီးမြင့်ခဲ့သကဲ့သို့ သကြားနှင့်ဂျုံဈေးနှုန်းမှာလည်း အရန်သိုလှောင်ထားရှိမှုလုံလောက်မှုမရှိဘဲ လျော့နည်းနေသဖြင့် ဈေးနှုန်းမှာအမြင့်တန်းတွင်ရှိနေကြောင်း သိရှိရသည်။

ပဲစင်းငုံသည် လွန်ခဲ့သည့်လများစွာကတည်းက လက်လီဈေးကွက်တွင် ၁ ကီလိုဂရမ်လျှင် ၂၀၀ ရူပီးဖြင့် ရောင်းချနေခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတွင်း ကုလားပဲ စားသောက်ကုန် အဓိကထုတ်လုပ်ရာမြို့များဖြစ်သည့် Indore နှင့် Akola တို့တွင် ကုလားပဲ ခွဲခြမ်းဈေးနှုန်းများမှာ ၁ ကီလိုဂရမ်လျှင် ၉၃ ရူပီး နှင့် ၈၆ ရူပီး အသီးသီးရှိသဖြင့် ကုလားပဲလက်လီဈေးနှုန်းမှာလည်း ၁ ကီလို ဂရမ်လျှင် ၁၀၀ ရူပီး အထက်တွင်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်တွင် ပြုပြင်ထားခြင်းမရှိသေးသည့် ကုလားပဲဈေးသည် သုံးပတ်ဆက်တိုက် မြင့်တက်လျှက်ရှိကြောင်း၊ ၎င်းတို့သည် တစ်ပတ်လျှင် ၅% ခန့်တက်လာပြီး တစ်လ အတွင်းတွင် ၁၀% ကျော်တက်သွားကြောင်း အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်းမှ ပြုစုထားသော အချက်အလက်များအရ သိရှိရသည်။

ကုလားပဲထွက်ရှိမှုကျဆင်းမည်ဟူသော ခန့်မှန်းချက်ကြောင့် ပဲဝယ်လိုအားမြင့်တက်ပြီး ဈေးနှုန်းများထပ်တက်လာမည်ဟု လယ်သမားများနှင့် ကုန်သည်များကမျှော်လင့်၍ သိုလှောင်ထားသောကြောင့် ကုလားပဲဈေးနှုန်းများ တက်သွားခြင်းဖြစ်သည်ဟု Maharashtra ပြည်နယ်မှ ကုန်သည်တစ်ဦးက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် မေလ ၇ ရက်နေ့တွင် ကုလားပဲတင်သွင်းရာတွင် ကောက်ခံသည့် အခွန်ကိုဖယ်ရှားပြီးနောက် ဩစတြေးလျနိုင်ငံမှ ကုလားပဲတန်ချိန် ၅၈,၀၀၀ ကို တင်သွင်းခဲ့ကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုခန့်မှန်းချက်များအရ နိုင်ငံတကာဈေးကွက်တွင် ကုလားပဲရရှိနိုင်မှု နည်းပါးနေပြီး မိုးရာသီကုလားပဲမှုန့်ဝယ်လိုအားမြင့်တက်နေသောကြောင့် စားသုံးသူများအနေဖြင့် ကုလားပဲဈေးနှုန်းကြီးမြင့်မှုမှ များစွာသက်သာရာ ရနိုင်ဖွယ်မရှိကြောင်း သိရှိရသည်။

Maharashtra ပြည်နယ်ရှိ သကြားစက်များတွင် ပြီးခဲ့သောတစ်လအတွင်း ဝယ်လိုအားမြင့်တက်ခဲ့သဖြင့် တစ် ကွင်တယ် (quintal – ၁၀၀ ကီလိုဂရမ်) လျှင် ၁၀၀ ရူပီး မြင့်တက်ခဲ့ပြီး ၃၆၀၀ ရူပီး ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ကြောင်း၊ နိုင်ငံတွင်းပြင်းထန်သည့် အပူလှိုင်းအခြေအနေကြောင့် သကြားဝယ်လိုအားမှာလည်း အားကောင်းနေကြောင်းနှင့် သကြားဈေးနှုန်းများသည် လာမည့်လများအတွင်း တည်ငြိမ်နေမည်ဟု မျှော်လင့်ကြောင်း Maharashtra မှ သကြားပွဲစား Abhijit Ghorpade က ပြောကြားထားကြောင်း သိရှိရသည်။

Agribusiness & Trade

ဂျုံဈေးသည် လွန်ခဲ့သော ၁၅ ရက် ၂၀ ရက်အတွင်း ၄ % မှ ၅% အထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းကြောင့် ဒေဝါလီပွဲတော်ပြီးနောက် ဂျုံထွက်ရှိမှုနည်းပါးသည့်အချိန်တွင် ဈေးကွက်အတွင်း ဂျုံပြတ်လပ်မှုမှ ကာကွယ်ရန်အတွက် ပြည်ပမှ ဂျုံတင်သွင်းခွင့်ပြုရန် စားသောက်ကုန်လုပ်ငန်းများမှ တောင်းဆိုထားကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Pricier kitchen staples upset home budgets, The Economic Times,

## အိန္ဒိယ၏ သကြားတင်ပို့မှုခွင့်ပြုချက်သည် ၂၀၂၄-၂၅ ခုနှစ် မိုးရာသီ ကြံစိုက်ပျိုးမှုအပေါ် မူတည်မည်

ကမ္ဘာ့ဒုတိယအကြီးဆုံးသကြားထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် အိန္ဒိယသည် လာမည့်ရာသီတွင် သကြားထုတ်လုပ်နိုင်မှု တန်ချိန် သန်း ၃၀ သို့လျော့နည်းမည်ဟု မျှော်မှန်းထားသဖြင့် ၂၀၂၄-၂၅ ရာသီတွင် ကြံစိုက်ပျိုးမှုနှင့်အထွက်နှုန်းကိုသိရှိပြီးမှသာ သကြားတင်ပို့မှုကို ခွင့်ပြုနိုင်ကြောင်းနှင့် လက်ရှိစက်တင်ဘာလတွင် ကုန်ဆုံးမည့် ၂၀၂၃-၂၄ ခုနှစ် ရာသီချိန်အတွက် သကြားထုတ်လုပ်မှုသည် ယခုအချိန်ထိတန်ချိန် ၃၁.၅ သန်းအထိရှိခဲ့ပြီး ရာသီကုန်ဆုံးချိန် တမီးလ်နာဒူးနှင့် ကာနတကပြည်နယ်တို့မှ ကြံကြိတ်ခွဲမှုအပြီးတွင် တန်ချိန် ၃၁.၈ သန်းထိ ထွက်ရှိနိုင်မည်ဟု သတင်းရင်းမြစ်များအရ သိရှိရသည်။

အိန္ဒိယသည် ၂၀၂၂-၂၃ ရာသီနှစ်တွင်သကြားတန်ချိန် ၃၂.၈ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ကုန်သွယ်မှုခန့်မှန်းချက်အရ ကာနာတက ပြည်နယ်တွင် ကြံစိုက်ပျိုးမှုလျော့နည်းခြင်းကြောင့် ၂၀၂၄-၂၅ ရာသီချိန်တွင် သကြားတန်ချိန် ၃၀ သန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သကြားလုပ်ငန်းရှင်များက သကြားတန်ချိန် ၁ သန်းကို တင်ပို့ခွင့်ပြုရန် တောင်းဆိုထားသော်လည်း လာမည့်နှစ်တွင် သကြားအထွက်နည်းမည်ဟုခန့်မှန်းထားသကဲ့သို့ အီသနောထုတ်လုပ်မှုအတွက် လိုအပ်ချက်များရှိကြောင်း၊ အစိုးရကလည်း ပြည်တွင်းစားသုံးမှုနှင့် အီသနောထုတ်လုပ်မှုအတွက်လုံလောက်မှုရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုလျှံမှုရှိမှသာ ပြည်ပသို့တင်ပို့ခွင့်ကိုခွင့်ပြုနိုင်ကြောင်း၊ လက်ရှိတွင် အိန္ဒိယအစိုးရက သကြားတင်ပို့မှုကို တားမြစ်ထားပြီး မုတ်သုံရာသီ သကြားစိုက်ပျိုးမှုအချက်အလက်များရရှိသည့်အချိန်တွင် သကြားထုတ်လုပ်နိုင်မှု အခြေအနေကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

အိန္ဒိယနိုင်ငံမှ သကြားအဓိကတင်ပို့သည့်နိုင်ငံများမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ ဖြစ်ကြသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Sugar exports to depend on monsoon, cane sowing in ၂၀၂၄-၂၅, The Economic Times,

## အင်ဒိုနီးရှားနိုင်ငံ၊ အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုဘုတ်အဖွဲ့က စားအုန်းဆီမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ကြက်အစာအဖြစ် အသုံးပြုနိုင်ရန် စီစဉ်

အင်ဒိုနီးရှားနိုင်ငံ၊ အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုဘုတ်အဖွဲ့ (National Research and Innovation Board – BRIN) က စားအုန်းဆီထုတ်လုပ်ရာမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ကြက်အစာအဖြစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရန် အစီအမံတစ်ခုကို ဆောင်ရွက်ထားပါသည်။ စားအုန်းဆီမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိလာပြီး ၎င်းစွန့်ပစ်ပစ္စည်းများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် လမ်းစရှိလာပြီဖြစ်ပါသည်။

BRIN က Oteck နှင့် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဂျပန်ကုမ္ပဏီဖြစ်သည့် Oteck သည် စက်ရုံတည်ဆောက်ကာ စားအုန်းဆီမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ ကြက်အစာ ထုတ်လုပ်မည်ဖြစ်ပါသည်။

"အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီလုပ်ငန်းများမှ နှစ်စဉ် စွန့်ပစ်ပစ္စည်းတန်နှင့်ချီ၍ ထွက်ရှိကြောင်း၊ သုတေသနရလဒ်အရ အဆိုပါစွန့်ပစ်ပစ္စည်းများကို ထုတ်ကုန်အသစ်များတွင် ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုနိုင်ရေး နည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ဖူလုံစေရေး ထုတ်လုပ်မှုများ ဆောင်ရွက်မည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ရန်လည်း ရည်ရွယ်ကြောင်း" BRIN ၏ စဉ်ဆက်မပြတ် ထုတ်လုပ်မှုနှင့် အကဲဖြတ်စနစ်သုတေသနစင်တာ (research center of sustainable production and life cycle assessment system – PR SPBPDH) ရှိ ကာဗွန်စက်ဝန်း စီမံခန့်ခွဲမှုခေါင်းဆောင်ဖြစ်သူ Ms. Nadirah က ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့က ပြောကြားခဲ့ပါသည်။

၎င်းက Oteck သည် ထုတ်လုပ်မှုအတွက် စွမ်းအင်ထောက်ပံ့မှုအပါအဝင် လိုအပ်မည့် စက်ပစ္စည်းကိရိယာနှင့် အဆောက်အဦများ၊ အခြားလိုအပ်သောကိစ္စရပ်များကို စီစဉ်မှုအတွက် တာဝန်ရှိမည်ဖြစ်ကြောင်း၊ PR SPBPDH အနေဖြင့် စိုက်ပျိုးရေးနှင့်အစားအစာ ထုတ်လုပ်ရေးဆိုင်ရာ စက်

ကိရိယာများနှင့် အဆောက်အဦများ၊ နည်းပညာ အသုံးပြုမှုတို့အတွက် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း၊ သုတေသနသည် စားအုန်းဆီ၏ ဇီဝစွန့်ပစ်ပစ္စည်းမှ ကြက်အစာထုတ်လုပ်မှုကို ဖူလုံစေရန်နှင့် အရည်အသွေးမြင့်မားပြီး Beta-Carotene မြင့်မားသည် ကြက်အစာဖြစ်စေရန် ရည်ရွယ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများကို စီးပွားရေးအရ အကျိုးရှိစေမည်ဖြစ်ပြီး၊ ကျန်းမာရေးနှင့်ကိုက်ညီပြီး Beta Carotene မြင့်မားသည့် ကြက်အစာအတွက် ကုန်ကြမ်းအရင်းအမြစ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင်ပိုမိုကျန်းမာပြီး အာဟာရ ပိုမိုပြည့်ဝသည့် ကြက်သားများ ထုတ်လုပ်မှုကိုလည်း အထောက်အကူ ဖြစ်စေမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးခြင်း၊ စားအုန်းဆီ ထုတ်လုပ်ရောင်းချခြင်းတို့ကို တစ်စိုက်မတ်မတ်ဆောင်ရွက်နေစဉ် ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို အကျိုးရှိရှိ ပြန်လည်အသုံးပြုနိုင်ရေး၊ စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးတို့အတွက် သုတေသနများကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ Indonesia Palm Oil Association

## ရုရှားနှင့် တရုတ်တို့သည် ဆန်စပါးစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အရှေ့ဖျားဒေသနှင့် တရုတ်နိုင်ငံ၊ အရှေ့မြောက်ဒေသတို့၏ အချို့သောနေရာများတွင် စိုက်ပျိုးရေးနယ်ပယ် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်နှင့် တရုတ်သိပ္ပံ အကယ်ဒမီအဖွဲ့ဝင် Mr. Xie Huaan က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရုရှားဒေသများသည် စပါး (ဆန်လုံးတို - short grain rice)များ စိုက်ပျိုးရန် သင့်လျော်ကြောင်း၊ ဆန်စပါးကဏ္ဍသည် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် ပဲပုပ်နှင့် ပြောင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း Mr. Xie Huaan က ပြော ကြားခဲ့သည်။

တရုတ်နိုင်ငံ၊ Heilongjiang ပြည်နယ်အပါအဝင် မြောက်ဘက်တွင်(ရုရှားအရှေ့ဖျားဒေသ) စပါး(ဆန်လုံးတို)ကို စိုက်ပျိုးလေ့ရှိပြီး တောင်ဘက်တွင် စပါး(ဆန်လုံးရှည် – Long grain rice)ကို စိုက်ပျိုးကြကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Maxim Reshetnikov သည် ၂၀၃၀ ပြည့်နှစ်တွင် ရုရှားနှင့် တရုတ်ကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံရရှိရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုကို သိသိသာသာတိုးချဲ့ရန် စီစဉ်နေကြောင်းလည်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် ၁ သန်းခန့် သုံးစွဲလျက်ရှိပြီး ထိုအထဲမှ တန်ချိန် ၂၀၀,၀၀၀ ခန့်သည် ဆန်လုံးရှည်များဖြစ်ကြောင်း သိရှိရပါသည်။ ရုရှားနိုင်ငံ၌ ဆန်လုံးတိုသည် ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာစိုက်ပျိုးထွက်ရှိသော်လည်း ဆန်လုံးရှည်သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြောင်း သိရှိရပါသည်။ ရုရှားနိုင်ငံသို့ ဆန်လုံးရှည် အဓိကတင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ဆန်ဖြူတင်ပို့ရန် အလားအလာ ကောင်းများရှိနေပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/20980923

## ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံဆိုင်ရာ အကြံပေးကော်မတီ ဖွဲ့စည်းခဲ့ခြင်းအား တင်ပြခြင်း

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် (United States Trade Representative – USTR) ရုံး နှင့် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (United States Department of Agriculture – USDA) တို့ ပူးပေါင်း၍ ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံဆိုင်ရာ အကြံပေးကော်မတီ (Seasonal and Perishable Agricultural Products Advisory Committee)ကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအဖွဲ့ဝင်များကို ခန့်အပ်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၏ ၃၀-၅-၂၀၂၄ ရက် ထုတ်ပြန်ချက်အရ သိရှိရပါသည်။

အမေရိကန်ကုန်သွယ်မှုကိုယ်စားလှယ်ရုံးနှင့် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါကော်မတီအနေဖြင့် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း

ဒေသရှိ ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန်အတွက် အကြံပြုချက်များ ပေးသွားမည်ဖြစ်ပြီး ကော်မတီအဖွဲ့ဝင်များအနေဖြင့် ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံများ စိုက်ပျိုးခြင်း၊ ရောင်းချခြင်းတို့နှင့်ပတ်သက်သော ကျွမ်းကျင်ပညာရပ်များကို ပံ့ပိုးပေးခြင်း၊ အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ ရာသီသီးနှံနှင့် ပုပ်သိုးလွယ်စိုက်ပျိုးရေးသီးနှံစိုက်ပျိုးသူများအပေါ် သက်ရောက်စေသည့် ဈေးကွက်နှင့် အခြားလိုအပ်ချက်များကိုပါ ကူညီပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သမ္မတဂျိုးဘိုင်ဒင်ဦးအစိုးရအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူများကို ယခုဖွဲ့စည်းသည့် ကော်မတီမှတစ်ဆင့် အကူအညီပေးသွားရန်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်အတွင်း အမေရိကန်နိုင်ငံ၏ အထူးသီးနှံများယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန်၊ ပြည်တွင်းဈေးကွက်ထိုးဖောက်မှုမြင့်တင်ရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်များ တိုးတက်လာစေရန်ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန၏ အစီအစဉ်တစ်ခုဖြစ်သော Specialty Crops Competitiveness Initiative အစီအစဉ်ကို ပံ့ပိုးပေးသည့် ဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံ၏စိုက်ပျိုးရေး ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများအား နည်းပညာအပါအဝင် အခြားလိုအပ်သော အထောက်အပံ့များကိုပါ ပံ့ပိုးပေးလျက်ရှိပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ခင်ဆွေဦး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

## တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးတင်းမာမှုကို ဆွေးနွေးပွဲများမှတစ်ဆင့် ဖြေရှင်းရန် စိတ်အားထက်သန်နေ

တရုတ်နိုင်ငံသည် ကုန်သွယ်ရေးတင်းမာမှုများကို ဖြေရှင်းရန်အတွက် ဥရောပသမဂ္ဂနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားပြီး တရုတ်ကုမ္ပဏီများ၏ တရားဝင်အကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်သည့် အစီအမံအားလုံးကို လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အကြီးတန်းကုန်သွယ်ရေးအရာရှိများက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao နှင့် ဒုတိယဝန်ကြီး Ling Ji တို့က စပိန်နှင့် ဂရိနိုင်ငံတို့ရှိ တရုတ်ကုမ္ပဏီများ၏ စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်မှုတင်းမာမှုများ ထပ်မံမြင့်တက်လာမှုကို တားဆီးရန်

အတွက် တရုတ်နှင့် ဥရောပသမဂ္ဂတို့၏ စိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ပြောကြားခဲ့ကြသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်များတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

လျှပ်စစ်ကားများ၊ မီးရထားစက်ခေါင်းများနှင့် ဆိုလာနှင့် လေအားတို့မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း၊ လုံခြုံရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အသုံးပြုသည့် စက်ပစ္စည်းများကဲ့သို့သော တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကုန်ပစ္စည်းများအပေါ် မကြာသေးမီက ဥရောပသမဂ္ဂ၏ အပြင်းအထန် စုံစမ်းစစ်ဆေးမှုများကြောင့် ၎င်းတို့၏ မှတ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် အလွန်အကျွံထုတ်လုပ်နေပြီး တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ဖြစ်ပေါ်စေသည်ဟူသော မှားယွင်းသည့် အကြောင်းပြချက်များဖြင့် ဆောင်ရွက်ခဲ့သည့် အဆိုပါ စုံစမ်းစစ်ဆေးမှုများတွင် ကုန်သွယ်ရေးကုစားမှုများ၊ နိုင်ငံတကာဝယ်ယူရေးလုပ်ငန်းများနှင့် အထောက်အပံ့ပေးသည့်စည်းမျဉ်းများကို ခွဲခြားအသုံးချမှုများရှိနေပြီး တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေးတင်းမာမှုများ တိုးလာမည့် အန္တရာယ်ရှိနေသည်ဟု Wang က ဘာစီလိုနာမြို့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြင်သစ်၊ ဂျာမနီနှင့် ဥရောပသမဂ္ဂခေါင်းဆောင်များသည် ကုန်သွယ်ရေးစစ်ပွဲကို ရှောင်ရှားရန် အကြိမ်ကြိမ် ကတိပြုခဲ့ကြပြီး စည်းမျဉ်းအခြေခံသည့် နိုင်ငံစုံကုန်သွယ်မှုစနစ်နှင့် ယှဉ်ပြိုင်မှုအတွက် သာတူညီမျှသောပတ်ဝန်းကျင်ကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥရောပသမဂ္ဂသည် ကုန်သွယ်ရေးတင်းမာမှုများ တိုးမြင့်လာနိုင်သည့် မည်သည့်အရာကို မဆိုလုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်မည်ဟု မျှော်လင့်ကြောင်း အေသင်မြို့တွင် ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီး Ling က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥရောပသမဂ္ဂသည် တရုတ်ကုမ္ပဏီများကို ဆက်လက်ဖိနှိပ်ပါက တရုတ်နိုင်ငံသည် ၎င်းတို့ကုမ္ပဏီများ၏ တရားဝင်အကျိုးစီးပွားကို ကာကွယ်ရန် လုံလောက်သော စွမ်းရည်ရှိကြောင်း Ling က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ကုမ္ပဏီများသည် ဥရောပနိုင်ငံအများအပြား၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုများ ဖြစ်စေပြီး ထောက်ပံ့ပို့ဆောင်ရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောစွမ်းအင်နှင့် လယ်ယာထွက်ကုန် ကုန်သွယ်မှုစသည့်နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် သိသာထင်ရှားသော အလားအလာများ

Agribusiness & Trade

ရှိနေကြောင်း ပေကျင်းအခြေစိုက် Chinese Academy of Social Sciences ၏ European Studies Institute မှ တွဲဖက်သုတေသီ Yang Chengyu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် တရုတ်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်များအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို လျစ်လျူရှု၍ ဥရောပသမဂ္ဂသည် ယခုနှစ်အတွင်း ဥရောပရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုများနှင့် တရုတ်ကုမ္ပဏီများပါဝင်သည့် ဝယ်ယူရေးလေလံများကို စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ထုတ်လုပ်သော အရည်အသွေးမြင့် စက်မှုထုတ်ကုန်များသည် လက်ရှိ ဥရောပဈေးကွက်အတွက် လိုအပ်သည့် ပစ္စည်းများဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံတွင် လုပ်ငန်းလည်ပတ်လျက်ရှိသော ဥရောပကုမ္ပဏီများသည် တရုတ်-အီးယူ ကုန်သွယ်မှုနှင့် တရုတ်နိုင်ငံ၏ ကြီးမားသည့်ဈေးကွက်မှ အမြတ်အစွန်းများ အများအပြား ရရှိခဲ့ကြောင်း Yang မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

လက်ရှိ တရုတ်-အီးယူ ကုန်သွယ်မှုအခြေအနေသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ဂျာမနီနှင့် ကျန်ဥရောပနိုင်ငံများသို့ တင်ပို့သည့် ကားအမြောက်အမြားသည် တရုတ်ကုမ္ပဏီများကသာ ထုတ်လုပ်ခြင်းမဟုတ်ဘဲ ၎င်းတို့၏ အစိတ်အပိုင်းများသည် ဥရောပထုတ်လုပ်သူများထံမှလည်း ပါဝင်ကြောင်း ရှန်ဟိုင်းရှိ Tongji University မှ ဂျာမန်လေ့လာရေးစင်တာ၏ ဒါရိုက်တာ Zheng Chunrong က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဥရောပသမဂ္ဂသည် အခွန်များ စည်းကြပ်မည်ဆိုပါက တရုတ်နိုင်ငံ၌ရှိသည့် ဥရောပစီးပွားရေးလုပ်ငန်းများကိုလည်း ထိခိုက်လိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြဿနာများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့ နိုင်ငံစုံယန္တရားများမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းသင့်ကြောင်းနှင့် အမေရိကန်နိုင်ငံနှင့်နှိုင်းယှဉ်ပါက ဥရောပနိုင်ငံအများစုသည် နိုင်ငံစုံစည်းမျဉ်းများကို ပိုမိုလိုက်နာကြကြောင်း Zheng က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ပထမလေးလတွင် တရုတ်-အီးယူ ကုန်သွယ်မှုပမာဏသည် ယွမ် (၁.၇၅) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၄၁.၅ ဘီလီယံ)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၁.၈)ရာခိုင်နှုန်း ကျဆင်းသွားရာ ထိုကာလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး၏ (၁၂.၇) ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၏ အချက်အလက်များ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://www.chinadaily.com.cn/a/202406/04/WS665e7239a31082fc043cabf7.html

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) သည် ၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ GDP တိုးတက်မှု ခန့်မှန်းချက်ကို (၅)ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ GDP တိုးတက်မှုခန့်မှန်းချက်ကို (၅)ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့ကြောင်း IMF ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Gita Gopinath က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

IMF အဖွဲ့သည် 2024 Article IV Consultation အတွက် မေလ (၁၆)ရက်နေ့မှ (၂၈)ရက်နေ့အထိ တရုတ်နိုင်ငံသို့ လာရောက်ခဲ့ပြီးနောက် ပေကျင်း၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် Gopinath က ထိုသို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် ခိုင်မာသော GDP တိုးတက်မှုနှင့် မကြာသေးမီက မူဝါဒပိုင်းဆိုင်ရာအစီအမံများကြောင့် ထိုသို့ GDP တိုးတက်မှုကို တိုးမြှင့်ခန့်မှန်းထားခြင်းဖြစ်သည်ဟု ၎င်းက သတင်းထောက်များအား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရသည် အိမ်ခြံမြေကဏ္ဍ၊ ပြည်တွင်းအစိုးရကြွေးမြီများနှင့် အသေးစားဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်ပတ်သက်သည့် အားနည်းချက်များကို ဖြေရှင်းရာတွင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သူမက မှတ်ချက်ပြုခဲ့သည်ဟု သိရှိရပါသည်။

Gopinath ၏ အဆိုအရ လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ဈေးကွက်ဦးစားပေးသည့်ပြုပြင်ပြောင်းလဲခြင်းများ၊ ကုန်သွယ်မှုဖြေလျှော့ပေးခြင်းနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များအတွင်းသို့ ပေါင်းစည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသောနိုင်ငံများ၌ Debt restructuring ကိစ္စရပ်များနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောစီးပွားရေးအသွင်ကူးပြောင်းမှုကို မြှင့်တင်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသည် အရေးကြီးပြီး အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သူမက ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း ၎င်း၏အဖွဲ့သည် စီးပွားရေးအလားအလာ၊ အန္တရာယ်များ၊ ပြုပြင်ပြောင်းလဲတိုးတက်မှုများနှင့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများအပေါ် အမြင်ချင်းဖလှယ်ရန်အတွက် အစိုးရအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု IMF က ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်းနင်းမြို့
Source: https://english.news.cn/20240530/354f8c276ae942cba7ed0a3feb9f476a/c.html

## RCEP သည် ပိုမိုတက်ကြွပြီး သေချာမှုရှိလာ

ကုန်သွယ်မှုအတားအဆီးများနှင့် တင်းမာမှုများကြောင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်ရန်နှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရန် စိန်ခေါ်မှုများဖြစ်နေသည့်အချိန်တွင် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership-RCEP) သည် ဈေးကွက်ပိုမိုဖွင့်လှစ်ခြင်း၊ တရားမျှတသောယှဉ်ပြိုင်မှုနှင့် စည်းမျဉ်းစည်းကမ်းကို အခြေခံသောကုန်သွယ်ရေးတို့ကို လုပ်ဆောင်ပေးလျက်ရှိသည်ဟု တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

RCEP အဖွဲ့ဝင်များအနက်မှ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သဘောတူညီချက်၏ အလားအလာများကို အပြည့်အဝဖော်ထုတ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးအမြတ်များကို အားလုံးမျှဝေခံစားနိုင်ရန် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာလုပ်ဆောင်မည်ဖြစ်ကြောင်း ဟိုင်နန်ပြည်နယ်၊ Haikou တွင် ပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် RCEP မီဒီယာနှင့် Think Tank ဖိုရမ်တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဖိုရမ်ကို ယခုနှစ်တွင် "Shared Benefits, Win-win Cooperation" ခေါင်းစဉ်ဖြင့် ဟိုင်နန်ပြည်နယ် CPC Committee၊ China Daily နှင့် China Institute for Reform and Development တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဒေသတွင်းလူဦးရေ၊ GDP နှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုပမာဏသည် ကမ္ဘာ့ဝေစု၏ ခန့်မှန်းခြေအားဖြင့် (၃၀)ရာခိုင်နှုန်းခန့်စီရှိသော RCEP သည် ၎င်း၏အဖွဲ့ဝင်(၁၅)နိုင်ငံအကြားတွင် ယခင်နှစ်ဇွန်လ၌ အပြည့်အဝအသက်ဝင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

RCEP သည် အဖွဲ့ဝင်နိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရာတွင် အဖွဲ့ဝင်နိုင်ငံများက တက်ကြွစွာပါဝင်လာစေရန် ဆောင်ရွက်လျက်ရှိသည်ဟု တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ရေးရာကောင်စီအဖွဲ့ဝင် Hu Kaihong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အကောက်ခွန်လျှော့ချခြင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်းများနှင့် ချောမွေ့သောအကောက်ခွန်လုပ်ထုံးလုပ်နည်းများကဲ့သို့သော ပြဋ္ဌာန်းချက်များကြောင့် သဘောတူညီချက်သည် အဖွဲ့ဝင်နိုင်ငံများမှ အရည်အသွေးမြင့်ထုတ်ကုန်များကို ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း တရုတ်ဈေးကွက်သို့ စဉ်ဆက်မပြတ်ဝင်ရောက်လာစေရန် အထောက်အကူဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ စာရင်းဇယားများအရ ယခင်နှစ်တွင် တရုတ်နှင့် အခြား RCEP အဖွဲ့ဝင်နိုင်ငံများအကြား စုစုပေါင်း ပို့ကုန်သွင်းကုန်ပမာဏသည် ယွမ် (၁၂.၆)ထရီလီယံ (အမေရိကန်ဒေါ်လာ ၁.၇ ထရီလီယံ) ရှိခဲ့ကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှု၏ (၃၀.၂)ရာခိုင်နှုန်းရှိပြီး သဘောတူညီချက် အသက်မဝင်မီ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၅.၃)ရာခိုင်နှုန်း တိုးလာကြောင်း သိရှိရပါသည်။

သဘောတူညီချက်၏ အကျိုးသက်ရောက်မှုများဖြစ်သည့် ကုန်သွယ်မှုဖန်တီးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးခြင်းတို့သည် မသေချာမရေရာမှုများနှင့် ရင်ဆိုင်နေရသော ကမ္ဘာကြီးအတွက် ရှားရှားပါးပါး သေချာမှုတစ်ခုဖြစ်သည်ဟု ဟိုင်နန်ပြည်နယ်အစိုးရ၏ ဒု-အုပ်ချုပ်ရေးမှူး Yin Libo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အထူးသဖြင့် ဟိုင်နန်ပြည်နယ်သည် RCEP နှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတို့၏ အားသာချက်များကို အသုံးချကာ နိုင်ငံတကာဈေးကွက်၌ စွန့်စားလုပ်ကိုင်နေသော တရုတ်ကုမ္ပဏီများအတွက် အခြေစိုက်စခန်းတစ်ခုဖြစ်လာစေရန်နှင့် ပြည်ပမှစီးပွားရေးလုပ်ငန်းများအတွက် တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် အချက်အချာနေရာဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Yin က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယခင်နှစ်က တရုတ်စီးပွားရေးလုပ်ငန်းများသည် RCEP မူဘောင်အောက်ရှိ သွင်းကုန်ခွန်များ လျှော့ချခြင်းမှ ယွမ် (၂.၃၆) ဘီလီယံ အကျိုးခံစားခဲ့ရကြောင်း၊ ထို့အတူ RCEP နိုင်ငံများမှ သွင်းကုန်လုပ်ငန်းများသည်လည်း အကောက်ခွန်သက်သာခွင့်ရရှိခြင်းမှ ယွမ်(၄.၀၅)ဘီလီယံအထိ အကျိုးခံစားခဲ့ရကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

RCEP ကို စတင်အကောင်အထည်ဖော်ချိန်မကြာသေးသဖြင့် စီးပွားရေးလုပ်ငန်းများမှ သိရှိမှုနည်းပါးခြင်းတို့ကြောင့် RCEP စည်းမျဉ်းများကို အဖွဲ့ဝင်အချို့မှ အသုံးပြုမှုနှုန်းမှာ နည်းပါးနေသေးကြောင်း၊ RCEP စည်းမျဉ်းများကို အသုံးချမှုနှုန်းကို မြှင့်တင်ခြင်းသည် ဒေသတွင်း ဈေးကွက်ကြီး၏ ရှင်သန်မှုကို ပိုမိုတိုးတက်စေမည်ဟု China Institute for Reform and Development ဥက္ကဋ္ဌ Chi Fulin က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသသည် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၊ နိုင်ငံတကာဘဏ္ဍာရေးဗဟိုဌာနနှင့် နိုင်ငံတကာခုံသမာဓိဗဟိုဌာနအဖြစ် အဓိကအခန်းကဏ္ဍမှပါဝင်နေသဖြင့် RCEP တွင် ၎င်းပါဝင်လာပါက RCEP ဒေသတွင်းဈေးကွက်ကို မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် တောင်အာရှနိုင်ငံများအနေဖြင့် RCEP သို့ ပြန်လည်ဝင်ရောက်ရန် စိတ်ဝင်စားလာစေရေးအတွက် အိန္ဒိယကစိုးရိမ်သောကိစ္စရပ်များ၌ သုတေသနပြုမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုလုပ်ဆောင်သင့်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202405/19/WS664a2027a31082fc043c7e4a.html

………………………………………………………………………………………………

## ရုရှားနှင့် ဘင်္ဂလားဒေ့ရှ်ကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွစွာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၁၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Alexander Mantytsky က ပြောကြားခဲ့သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဘက်စုံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တောင်အာရှတွင် ရုရှား၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် ရုရှားတို့ကြား ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေးအသိုင်းအဝိုင်းများ၏ ပူးပေါင်းကြိုးပမ်းမှုများသည် ကုန်သွယ်မှုပမာဏကို အဆမတန်တိုးမြှင့်နိုင်စေခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ရှိ ကမ္ဘာလုံးဆိုင်ရာ အတားအဆီးများရှိနေသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံအထိ တိုးတက်ခဲ့ကြောင်း Mr. Alexander Mantytsky က ပြောကြားခဲ့သည်။

စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကနယ်ပယ်များ ဖြစ်ပြီး ရုရှားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မိတ်ဖက်များနှင့်အတူ အပြန်အလှန်အကျိုးစီးပွားရှိသော နယ်ပယ်များကို ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးအသိုင်းအဝိုင်းများကြား တိုက်ရိုက်ဆက်ဆံမှုများ ထူထောင်ရန် ကြိုးပမ်းသင့်ကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အပြုသဘောဆောင်သော တိုးတက်မှုကို ထိန်းသိမ်းရန် B2B ဆက်ဆံရေးကို အထူးအာရုံစိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက အလေးပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မှ ရုရှားနိုင်ငံသို့ အဓိကတင်ပို့သောကုန်စည်များမှာ အဝတ်အထည်၊ စိုက်ပျိုးရေးထုတ်ကုန်များသည့် အာလူးနှင့် ပန်းဂေါ်ဖီများဖြစ်ပြီး ရုရှားမှ ဘင်္ဂလားဒေ့ရှ်သို့ အဓိကတင်သွင်းသော ကုန်စည်များမှာ နျူကလီးယားဓာတ်ပေါင်းဖိုဆိုင်ရာ စက်ကိရိယာများ၊ လျှပ်စစ်စက်ပစ္စည်းကိရိယာများ၊ သံသတ္တုများနှင့် ဂျုံများဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.ru/ekonomika/20939937

…………………………………………………………………………………………………………

Agribusiness & Trade